# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

August 2 , 2023 Volume 69, Number 1

၂.၈.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၅၀ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၃၀၅.၆ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၆၉.၈ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၈၃.၈ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၈၁.၈ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၂.၄၈ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၄၂၇ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၆၂.၀၆ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၆၂.၁၅ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၁.၂၄၂ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

## ဆန်စပါးကြိတ်ခွဲထုတ်လုပ်ရေး နည်းပညာဆိုင်ရာကျွမ်းကျင်မှု သင်တန်းဆင်းပွဲ အခမ်းအနားကျင်းပခြင်း




၂၀၂၂ ခုနှစ် အောက်တိုဘာလက ကျင်းပခဲ့သော **မြန်မာ့ဆန်စပါးညီလာခံ ၂၀၂၂** ၏ ဖော်ထုတ်ချက်များ၌ ပါရှိခဲ့သော "ဆန်စပါး ကြိတ်ခွဲထုတ်လုပ်မှုကဏ္ဍတွင် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ကြီးဌာနများနှင့် မြန်မာနိုင်ငံဆန်စပါး အသင်းချုပ်တို့ ပူးပေါင်းဆောင်ရွက်ရန်" ဖော်ထုတ်ချက်နှင့်အညီ စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့ ပူးပေါင်းဖွင့်လှစ်ခဲ့သော **ဆန်စပါးကြိတ်ခွဲထုတ်လုပ်ရေးနည်းပညာဆိုင်ရာ ကျွမ်းကျင်မှု သင်တန်းဆင်းပွဲအခမ်းအနား**ကို ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့၊ နံနက် (၁၀:၀၀) နာရီအချိန်တွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၃)၊ ညီလာခံခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

သင်တန်းဆင်းပွဲအခမ်းအနားသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာနနှင့်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီးများ၊ ဦးစီးဌာနများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဥက္ကဋ္ဌနှင့် အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ခဲ့ ပါသည်။

အခမ်းအနားတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီးက မြန်မာ့ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆန်စပါးစိုက်ပျိုး ထုတ်လုပ်မှု၊ ကြိတ်ခွဲပြုပြင်ခြင်းလုပ်ငန်းမှသည် ပြည်တွင်းပြည်ပ ဖြန့်ဖြူး ရောင်းချသည်အထိ ထုတ်လုပ်မှုကွင်းဆက်(Supply Chain) တစ်လျှောက် ဟန်ချက်ညီညီဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ အစားအစာ ဘေးကင်းလုံခြုံရေးနှင့် အရည်အသွေးကောင်းမွန်သည့်ဆန်များ ထုတ်လုပ်နိုင်ရေးအတွက် ခေတ်မီသိုလှောင်ရုံများ၊ အခြောက်ခံစက်များ၊ ခေတ်မီဆန်စက်များစသည့် အခြေခံအဆောက်အဦများ ဖြည့်ဆည်းဆောင်ရွက်ရန် လိုအပ်သကဲ့သို့ စပါးအခြောက်ခံခြင်း၊ သိုလှောင်ခြင်း၊ ကြိတ်ခွဲခြင်း၊ ပြည်ပတင်ပို့ခြင်းစသည့် ရိတ်သိမ်းချိန်လွန် နည်းပညာသင်တန်းများ ဖွင့်လှစ်ပို့ချရန်လည်း လိုအပ်လျက်ရှိပါကြောင်း၊ ဆန်စပါးကဏ္ဍ ကွင်းဆက်တစ်လျှောက် ပါဝင်ဆောင်ရွက်မည့်သူများ အထူးသဖြင့် ဆန်စက်အင်ဂျင်နီယာများ၊ ဆန်စက်ကိုင်တွယ်မောင်းနှင်သူများ၏ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရေး၊ ဆန်စက်အခြေခံနည်းပညာများနှင့် ခေတ်မီဆန်စက်နည်းပညာများအား လက်ဆင့်ကမ်း မျှဝေနိုင်စေရေး၊ ရိတ်သိမ်းချိန်လွန် ကဏ္ဍမှာ ဆန်အရည်အသွေးနှင့်ပတ်သက်ပြီး ကြုံတွေ့နေရသည့် ပြဿနာများကို ထိရောက်စွာ ကိုင်တွယ်ဖြေရှင်းနိုင်စေရေးတို့ အတွက် ယခုသင်တန်းကို ရည်ရွယ်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ ဆန်စပါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် မြန်မာ့ ဆန်များ ကမ္ဘာ့ဈေးကွက်ဝေစု ပိုမိုရရှိစေရေး အားလုံးဝိုင်းဝန်း ကြိုးပမ်းရမည်ဖြစ်ပါကြောင်း အမှာစကားပြောကြားခဲ့ပါသည်။

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဆန်စပါးအရည်အသွေးမြှင့်တင်ရေးနှင့် မျိုးကောင်းမျိုးသန့် စပါးများတိုးချဲ့ စိုက်ပျိုးနိုင်ရေး၊ ထွက်ရှိလာသောစပါးများကို ခေတ်မီနည်းပညာများဖြင့် ကြိတ်ခွဲထုတ်လုပ်နိုင်ရေးတို့အတွက် အချိတ်အဆက် မိမိ ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ဆန်စက်များ ကိုင်တွယ်မောင်းနှင်ရာတွင် ကျွမ်းကျင်ပိုင်နိုင်စေရေးအတွက် မိမိတို့ ဝန်ကြီးဌာနအောက်ရှိ ဆင်တဲစက်မှုသင်တန်းကျောင်းတွင် ပူးပေါင်းသင်ကြားပေးခဲ့ပါကြောင်း၊ သင်တန်းတက်ရောက်ခဲ့ကြသည့် သင်တန်းသားများအနေဖြင့် ဆန်စပါးကဏ္ဍဖွံ့ဖြိုး တိုးတက်ရေးအတွက် ကျရာကဏ္ဍကနေ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြ စေလိုကြောင်း ပြောကြားခဲ့ပါသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဆန်စပါးသည် မိမိတို့နိုင်ငံ၏ အဓိက စားသုံးသီးနှံဖြစ်သည့်အပြင် ပြည်ပပို့ကုန်ဝင်ငွေ ရှာဖွေပေးလျက်ရှိသည့် ကဏ္ဍတစ်ခုဖြစ်ပါကြောင်း၊ စပါးကောင်းမှ ဆန်ကောင်းမည် ဖြစ်သကဲ့သို့ ဆန်စက်ကောင်းမှ ဆန်အရည်အသွေးကောင်းမွန်မည်ဖြစ်ပါကြောင်း၊ ဆန်အထွက်နှုန်း ကောင်းမွန်မှသာ စိုက်ပျိုးသည့်တောင်သူများ ဝင်ငွေပိုမိုရရှိလာနိုင်မည်ဖြစ်ပါကြောင်း၊ ဆန်စပါးကဏ္ဍတစ်ခုလုံး ဖွံ့ဖြိုး တိုးတက်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အသင်းအဖွဲ့များနှင့် လုပ်ငန်းရှင်များ၊ တောင်သူများက ဟန်ချက်ညီညီ ပူးပေါင်း ဆောင်ရွက် သွားကြရမည်ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားခဲ့ပါသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ ဥက္ကဋ္ဌတို့က သင်တန်းဆင်းလက်မှတ်များ ချီးမြှင့် ပေးခဲ့ပြီး သင်တန်းသားတစ်ဦးက သင်တန်းဖွင့်လှစ်ပေးခြင်းအပေါ် ကျေးဇူးတင်စကား ပြောကြားခဲ့ပါသည်။ ဆန်စပါးကြိတ်ခွဲ ထုတ်လုပ်ရေး နည်းပညာဆိုင်ရာ ကျွမ်းကျင်မှုသင်တန်းကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်ပစ္စည်း စစ်ဆေးရေးနှင့် အရည်အသွေးစီမံခန့်ခွဲရေးဌာနနှင့် စက်မှုဝန်ကြီးဌာန၊ ဆင်တဲစက်မှုသင်တန်းကျောင်းတို့တွင် ဆန်စပါး ကဏ္ဍနှင့်ဆက်နွယ်သည့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ပညာရှင်များနှင့် ဆန်စပါးကဏ္ဍ၌ လက်တွေ့ဆောင်ရွက်နေသည့် အင်ဂျင်နီယာများက ဆန်စပါးစိုက်ပျိုး၊ ထုတ်လုပ်၊ ကြိတ်ခွဲ၊ သိုလှောင်၊ တင်ပို့၊ ရောင်းချခြင်းဆိုင်ရာနည်းပညာများ၊ လျှပ်စစ် အန္တရာယ်ကင်းရှင်းရေးနှင့် အခြေခံလျှပ်စစ်ကဏ္ဍတွင် သိသင့်သိထိုက်သည့်ပညာရပ်များ၊ စက်ရုံအလုပ်ရုံသုံး ဘွိုင်လာ နည်းပညာများ၊ အခြေခံဂဟေဆက်နည်းပညာများစသည့်ပညာရပ်များကို ရက်ပေါင်း (၄၀) ကြာစာတွေ့လက်တွေ့ သင်ကြား ပို့ချခဲ့ပြီး သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း (၄၂) ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**Source:** https://www.commerce.gov.mm/my/article

# ၂၀၂၃ ခုနှစ် အာဆီယံ-တရုတ် မဟာပင်လယ်အော်ဒေသ (ကျူးဟိုင်) စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဖိုရမ်သို့ မြန်မာကိုယ်စားလှယ်အဖွဲ့တက်ရောက်







တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပေကျင်းမြို့၌အခြေစိုက်သည့် အာဆီယံ-တရုတ်ဗဟိုဌာန (ASEAN-China Centre-ACC) ၏ ဖိတ်ကြားချက်အရ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးညွန့်အောင်ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက် မှ ၃၀ ရက်အထိ တရုတ်နိုင်ငံ၊ ကွမ်းတုန်းပြည်နယ်၊ ရှန်းကျန်း မြို့၌ ကျင်းပပြုလုပ်ခဲ့သည့် ၂၀၂၃ ခုနှစ် အာဆီယံ-တရုတ် မဟာပင်လယ်အော်ဒေသ (ကျူးဟိုင်) စီးပွားရေးပူးပေါင်း ဆောင်ရွက်မှု ဖိုရမ် (2023 ASEAN-China Greater Bay Area (Qianhai) Economic Cooperation Forum) သို့ တက်ရောက်ခဲ့ပါသည်။

တရုတ်နှင့်အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ဘက်စုံမဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးကိုမြှင့်တင်ရန်နှင့် သိပ္ပံ၊ နည်းပညာ၊ ဆန်းသစ်တီထွင်မှုနှင့် ဒစ်ဂျစ်တယ်စီးပွားရေးစသည့် နယ်ပယ်များ၌ အာဆီယံတရုတ် ပူးပေါင်းဆောင်ရွက်ပြီး မဟာပင်လယ်အော်ဒေသ၏ အခန်းကဏ္ဍကို အလေးပေးထည့်သွင်းဆွေးနွေးရန် ရည်ရွယ်ချက်ဖြင့် အာဆီယံ-တရုတ် ဗဟိုဌာနက ဖိုရမ်ကို ဦးဆောင်ကျင်းပခြင်းဖြစ်ပါသည်။

အဆိုပါဖိုရမ်၏ ဖွင့်ပွဲအခမ်းအနားကို ၂၉ ရက်နေ့၊ ဒေသစံတော်ချိန် နံနက် (၀၈:၀၀)နာရီတွင် ကျင်းပပြုလုပ်ခဲ့ပြီး အာဆီယံ-တရုတ် စီးပွားရေး၊ စက်မှု၊ သိပ္ပံနှင့်နည်းပညာ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဆွေးနွေးပွဲအစီအစဉ်၌ တရုတ်နှင့် အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်ခေါင်းဆောင်များနှင့်အတူ ဒုတိယဝန်ကြီးက အမှာစကားပြောကြားခဲ့ပါသည်။ ဒုတိယဝန်ကြီးက အမှာစကားပြောကြားရာတွင် တရုတ်နှင့်အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ဘက်စုံမဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးကိုမြှင့်တင်ရန်နှင့် သိပ္ပံ၊ နည်းပညာ၊ ဆန်းသစ်တီထွင်မှုနှင့်ဒီဂျစ်တယ်စီးပွားရေး စသည့်နယ်ပယ်များ၌ ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရေး ရည်ရွယ်ချက်ဖြင့် ယခုဖိုရမ်ကို ကျင်းပခဲ့ခြင်းဖြစ်ပါကြောင်း၊ ယခုဖိုရမ်တွင်ဆွေးနွေးမည့် တရုတ်နှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ သက်ဆိုင်ရာကိုယ်စားလှယ်များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ပညာရှင်များ၏ဆွေးနွေးချက်များသည် သိပ္ပံ၊ နည်းပညာ၊ ဆန်းသစ်တီထွင်မှုနှင့် ဒီဂျစ်တယ်စီးပွားရေးနယ်ပယ်များတွင်ဖွံ့ဖြိုးတိုးတက်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ပေးမည်ဟု ယုံကြည်ပါကြောင်း၊ မဟာပင်လယ်အော်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းသည် တရုတ်နိုင်ငံတွင်သာမက အာဆီယံနိုင်ငံများတွင်လည်း အဓိကအခန်းကဏ္ဍမှပါဝင်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ အာဆီယံနိုင်ငံများသည် ဒစ်ဂျစ်တယ်စီးပွားရေး၊ အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှု၊ ချိတ်ဆက်မှုနှင့်ရေရှည်တည်တံ့သောစိုက်ပျိုးရေးစသည့်ကဏ္ဍများတွင် အထူးအလေးပေး ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့အတူ တရုတ်-အာဆီယံ လွတ်လပ်သောကုန်သွယ်မှုဒေသ အဆင့်မြှင့်တင်ရေးနှင့် Guangdong - HongKong-Macao မဟာပင်လယ်အော်ဒေသ တည်ဆောက်ရာတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ဖိုရမ်တွင်ဆွေးနွေးမှုများသည် အာဆီယံ-တရုတ် ဘက်စုံမဟာဗျူဟာ မိတ်ဖက်ဆက်ဆံရေး ပိုမို ကောင်းမွန်တိုးတက်ရေးနှင့် အာဆီယံနှင့် မဟာပင်လယ်အော်ဒေသတို့အကြား ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရာတွင် အခွင့်အလမ်းများဖော်ဆောင်ပေးနိုင်မည့် ရလဒ်ကောင်းများ ရရှိနိုင်မည်ဟု မျှော်လင့်ပါကြောင်းတို့ကို ဆွေးနွေးပြောကြားခဲ့ပါသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များဖြစ်သော မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ထိန်လင်းက အာဆီယံနှင့်မဟာပင်လယ်အော်ဒေသတို့အကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ စကားဝိုင်းဆွေးနွေးပွဲ၌ အဓိကဆွေးနွေးသူအဖြစ်လည်းကောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၊ တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးအောင်ဇေယျာလွင်က စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း အကြီးအမှူးများ ဆိုင်ရာ စကားဝိုင်းဆွေးနွေးပွဲ၌ ပါဝင်ဆွေးနွေးခဲ့ကြသည်။

ဖိုရမ်သို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးညွန့်အောင်နှင့်အတူ အာဆီယံ-တရုတ် ဗဟိုဌာန၊ အထွေထွေအတွင်းရေးမှူးချုပ် Mr. Shi Zhongjun၊ တရုတ်နိုင်ငံ၊ ရှန်ကျန်းပြည်နယ်အစိုးရ၏ ဒုတိယမြို့တော်ဝန် Mr. Wang Shourui တို့က တက်ရောက်ခဲ့ကြပါ သည်။ ထို့ပြင် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ မလေးရှားနိုင်ငံ၏ သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဝန်ကြီးဌာနမှ ဝန်ကြီး၊ အင်ဒိုနီးရှားနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ တရုတ်နိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီးနှင့် ဘရူးနိုင်းနိုင်ငံသံအမတ်ကြီး၊ ဖိလစ်ပိုင်နိုင်ငံ၏ စက်မှုနှင့်ကုန်သွယ်ရေးဌာန၏ ဒုတိယအကြီးအကဲ တို့က ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များအဖြစ် ဦးဆောင်ပါဝင်တက်ရောက်ခဲ့ပါသည်။ အဆိုပါဖိုရမ်သို့ အာဆီယံအဖွဲ့ဝင် နိုင်ငံများမှ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ကျွမ်းကျင်ပညာရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များအပါအဝင် တရုတ် နိုင်ငံနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ စုစုပေါင်းကိုယ်စားလှယ်ဦးရေ (၅၀၀) ခန့်တက်ရောက်ခဲ့ပါသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးညွန့်အောင်ဦးဆောင်သော မြန်မာကိုယ်စားလှယ် အဖွဲ့သည် ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့၊ နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိကြောင်း သတင်းရရှိသည်။

**Source:** https://www.commerce.gov.mm/my/article/

## အိန္ဒိယ-ယူအေအီး နှစ်နိုင်ငံငွေကြေးဖြင့် ကုန်သွယ်ရန်သဘောတူညီချက်ကြောင့် အိန္ဒိယဘာစမာတီဆန် တင်ပို့ရောင်းချမှု တိုးမြှင့်လာဖွယ်ရှိ

အိန္ဒိယနိုင်ငံနှင့်ယူအေအီးတို့၏ နှစ်နိုင်ငံငွေကြေးဖြင့် ကုန်သွယ်မှုပြုရန် သဘောတူညီချက်ကြောင့် အိန္ဒိယဘာစမာတီ ဆန်တင်ပို့ရောင်းချသူ များအကျိုးအမြတ်ပုံမှန်ပြန်လည်ရရှိရန် မျှော်လင့်လျက်ရှိကြောင်း သိရသည်။ ယင်းသို့ ဆောင်ရွက်ချက် ကြောင့် ဒူဘိုင်းမှတစ်ဆင့် အီရန်နိုင်ငံသို့ ဆန်များ ပိုမိုတိုးမြှင့်ရောင်းချသွားနိုင်မည်ဖြစ်ကာ တစ်ဖက်တွင် ငွေကြေးဆုံးရှုံးမှု ထိခိုက်နိုင်ခြေကို လျှော့ချသွားနိုင်တော့မည်ဟုဆိုသည်။ အီရန်နိုင်ငံသည် အိန္ဒိယဘာစမာတီဆန်ကို အဓိကတင်ပို့ရောင်းချသည့် နိုင်ငံငါးခုအနက်တစ်ခုဖြစ်သည်။

အိန္ဒိယနိုင်ငံမှ ဘာစမာတီဆန်တင်ပို့ရောင်းချမှုသည် ၂၀၂၁-၂၂ ဘဏ္ဍာနှစ်က ၃ ဒသမ ၉၄ မက်ထရစ်တန်ရှိရာမှ ၂၀၂၂-၂၃ ဘဏ္ဍာနှစ်တွင် ၄ ဒသမ ၅၆ မက်ထရစ်တန်သို့ တိုးမြှင့်ရောင်းချခဲ့ရပြီး၊ အမေရိကန်ဒေါ်လာ ၄ ဒသမ ၇၉ ဘီလီယံ ရရှိခဲ့ကြောင်းသိရသည်။ ဆန် ၁ တန်၏ ပျမ်းမျှဈေးနှုန်းမှာ ၂၀၂၁-၂၂ ဘဏ္ဍာနှစ်က အမေရိကန်ဒေါ်လာ ၈၉၇ ဒေါ်လာရှိခဲ့ရာမှ ယခုဘဏ္ဍာနှစ်တွင် ၁၀၅၀ ဒေါ်လာသို့ မြင့်တက်ခဲ့သည်။ ထို့အပြင် ယူကရိန်း-ရုရှားပဋိပက္ခကြောင့် ကမ္ဘာတစ်ဝှမ်း၌ ဖြစ်ပွား ခဲ့သော မသေချာမှုများကြောင့်လည်းကောင်း၊ ဘာစမာတီမဟုတ်သော ဆန်တင်ပို့မှုအပေါ် တစ်စိတ်တစ်ပိုင်းကန့်သတ်မှု၊ ဆန်ကွဲတင်ပို့မှုပိတ်ပင်ခဲ့မှုနှင့် ပေါင်းဆန်မဟုတ်သောဆန်များအပေါ် ပို့ကုန်ခွန် ၂၀ ရာခိုင်နှုန်းကောက်ခံခဲ့မှုတို့ကြောင့် လည်းကောင်း ဘာစမာတီဆန်ဈေးနှုန်းအပေါ် လွှမ်းမိုးမှုအချို့ရှိခဲ့သည်။

အီရန်နိုင်ငံနှင့် စီးပွားရေးလုပ်ကိုင်မှုများ သေချာပေါက်တိုးတက်လာမည်ဟု အိန္ဒိယနိုင်ငံလုံးဆိုင်ရာ ဆန်တင်ပို့ ရောင်းချသူများအသင်း(All India Rice Exporters Association၊ AIREA)၏ ဥက္ကဌဟောင်း Vijay Setia က လတ်တလော နှစ်နိုင်ငံကုန်သွယ်ရေးသဘောတူညီချက်အပေါ် ရည်ညွှန်းပြောကြားခဲ့သည်။ ယူအေအီးအထိုင် အီရန်စီးပွားရေးသမားများသည် ဘာတာစနစ်ကို နှစ်သက်ကြကြောင်း၊ ရူပီးငွေနှင့် ကုန်သွယ်ရန်ဆောင်ရွက်နေသည့်ကြားက ပေးချေမှုများ၌ ပြဿနာများ ရင်ဆိုင်နေရကြောင်းနှင့် ယခုသဘောတူညီချက်အသစ်ကြောင့် ဘာစမာတီဆန်ကို ဒူဘိုင်းမှတစ်ဆင့် အီရန်နိုင်ငံသို့ ပြန်လည် တင်ပို့ရောင်းချမှု တိုးမြှင့်လာမည်ဖြစ်ကြောင်း ၎င်းကပြောကြားခဲ့သည်။

အိန္ဒိယဗဟိုဘဏ်နှင့် ယူအေအီးဗဟိုဘဏ်တို့အကြား သဘောတူညီချက်အရ နိုင်ငံဖြတ်ကျော် အပေးအယူကိစ္စရပ်များ၌ နှစ်နိုင်ငံသုံးငွေကြေးဖြစ်သော ရူပီနှင့်ဒါဟမ်ကို အသုံးပြုမှုမြှင့်တင်သွားရန် မူဘောင်တစ်ရပ်ကို ချမှတ်ခဲ့သည်။ တစ်ဖန် နှစ်နိုင်ငံပေးချေမှုနှင့် သတင်းပို့စနစ်များအကြား အပြန်အလှန်ချိတ်ဆောင်ရွက်သွားရန် ဗဟိုဘဏ်နှစ်ခုအကြား နားလည်မှု စာချွန်လွှာလက်မှတ်ရေးထိုးခဲ့ကြသည်။

အမေရိကန်ဒေါ်လာမှာ တန်ဖိုးအတက်အကျရှိသည့်အတွက် ပို့ကုန်တင်ပို့သူများအနေဖြင့် အရှုံးအမြတ်ကို နေ့စဉ် ရင်ဆိုင်ကြရကြောင်း၊ ယခုကဲ့သို့ ပြည်တွင်းသုံးငွေကြေးများကို အသုံးပြုခြင်းကြောင့် အဆိုပါပြဿနာကို ကျော်လွှားနိုင်သည့် အတွက် ဘာစမာတီဆန်တင်ပို့ရောင်းချမှုအတွက် အလွန်အရေးကြီးသည့်ကိစ္စတစ်ရပ်ဖြစ်ကြောင်း AIREA ၏ အမှုဆောင် ဒါရိုက်တာ Vinod Kaul က ပြောကြားခဲ့သည်။

အပေးအယူကိစ္စများပိုမိုလွယ်ကူလာမည်ဖြစ်ကြောင်း၊ သို့သော် သဘောတူညီချက်ကို မကြာသေးမီကမှ ထုတ်ပြန် ကြေညာခဲ့ခြင်းဖြစ်သည့်အတွက် ရှင်းရှင်းလင်းလင်းသိမြင်နိုင်ရန် လွန်စွာစောသေးပါကြောင်း ၎င်းကပြောကြားခဲ့သည်။ ဘဏ်တစ်ခု တည်းကို ဆောင်ရွက်ခိုင်းမည်လော သို့မဟုတ် တစ်ခုထက်ပိုမိုသော ဘဏ်များကို ခွင့်ပြုသွားမည်လော ဆုံးဖြတ်ရန်၊ နှစ်နိုင်ငံသုံးငွေကြေးစာရင်းများ ဖွင့်လှစ်ရန်နှင့် ရင်းနှီးမြှုပ်နှံမှုစနစ်တစ်ရပ်ထူထောင်ရန်စသည့် အဆင့်များစွာ ကျန်ရှိနေသေး သည်ဟု ၎င်းက ပြောကြားခဲ့သည်။

သို့သော် အီရန်နိုင်ငံမှ ကုန်ဖိုးငွေဆုံးရှုံးခြင်းကဲ့သို့ ထိခိုက်နိုင်ခြေကို လျှော့ချသွားနိုင်မှာဖြစ်သည့်အတွက် ပို့ကုန်များကို မြန်မြန်ဆန်ဆန်တင်ပို့နိုင်ခြင်းနှင့် အီရန်နိုင်ငံသို့ ပိုမိုတိုးမြှင့်ရောင်းချမှုများ အစဉ်အမြဲဖြစ်ပေါ်လာဖွယ်ရှိသည်ဟု ၎င်းက ဖြည့်စွက်ပြောကြားခဲ့သည်။ ၂၀၂၂-၂၃ ဘဏ္ဍာနှစ်တွင် အိန္ဒိယနိုင်ငံမှ ယူအေအီးသို့ ဘာစမာတီဆန်တင်ပို့ရောင်းချမှုမှာ တန်ချိန် သုံးသိန်းတစ်သောင်းငါးထောင်ကျော်(၃၁၅၃၁၃ မက်တရစ်တန်)ရှိပြီး၊ အီရန်နိုင်ငံသို့ ၎င်းဆန်တင်ပို့ရောင်းချမှုမှာ တန်ချိန် ကိုးသိန်းကိုးသောင်းရှစ်ထောင်ကျော် (၉၉၈၈၇၉ မက်ထရစ်တန်) ရှိကြောင်း သိရသည်။

**သုံးသပ်တင်ပြချက်**

အိန္ဒိယနိုင်ငံသည် ယူအေအီးအပါအဝင် ဘင်္ဂလားဒေ့ရှ်၊ သီရိလင်္ကာ၊ အင်ဒိုနီးရှား၊ မလေးရှား၊ ဂျာမနီ၊ ဗြိတိန်၊ စင်ကာပူ၊ မြန်မာစသည့်နိုင်ငံပေါင်း ၁၈ နိုင်ငံမှဘဏ်များကို အိန္ဒိယနိုင်ငံဘဏ်များတွင် ငွေစာရင်းဖွင့်လှစ်သွားနိုင်ရန် ပြင်ဆင်လျက် ရှိပါသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် မကြာသေးမီက ရူပီးငွေအသုံးပြု၍ စတင်ကုန်သွယ်မှုပြုခဲ့ပြီး၊ သီရိလင်္ကာနိုင်ငံ၊ အင်ဒိုနီးရှား နိုင်ငံတို့နှင့်လည်း သဘောတူညီမှုများရရှိရန် ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရပါသည်။ ရုရှားနိုင်ငံအနေဖြင့်လည်း အမေရိကန်ဒေါ်လာ၏လွှမ်းမိုးမှုကို ကျော်လွှားနိုင်ရန် အိန္ဒိယနှင့်နှစ်နိုင်ငံငွေကြေးဖြင့် ကုန်သွယ်မှုအပေါ် စိတ်ဝင်စား ဟန်ပြလျက်ရှိပါသည်။ သို့သော် အမေရိကန်ဒေါ်လာသည် နိုင်ငံအများစု၏ နိုင်ငံခြားငွေရန်ပုံငွေဖြစ်နေဆဲဖြစ်ပြီး၊ ကမ္ဘာ့ ငွေကြေးစနစ်တွင် ၎င်းအား အစားထိုးနိုင်ရန် အချိန်နှင့်စိုက်အားများစွာ လိုအပ်ဦးမည်ဖြစ်ကြောင်း သုံးသပ်ရပါသည်။

ရည်ညွှန်း

**Source: The Hindu Businessline၊ "Basmati rice export to get a boost from India-UAE currency trade"၊ ၂၀၂၃ ခုနှစ် ဇူလိုင်လ ၂၄ ရက်။**

**(ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး၊ ကော်လ်ကတ္တားမြို့)**

https://myantrade.gov.mm/article/STP(Ygn)%2031072023%2020:15

## အရန်ဆန်အိတ်ရေ (၅၀၀၀၀) ကို ယခုတစ်ပတ်အတွင်း ရောင်းချပေးသွားမည်

ဆန်ဈေးနှုန်းတည်ငြိမ်စေရေးအတွက် အရန်ဆန်အိတ်ရေ (၅၀၀၀၀) ကို ယခုတစ်ပတ်အတွင်း ထုတ်ရောင်းပေးသွားမည် ဖြစ်ကြောင်း ဆန်စပါးကုန်စည်ဒိုင်မှ သိရသည်။

ဆန်စပါးဈေးကွက်နှင့် ဈေးနှုန်းတည်ငြိမ်စေရေးအတွက် ပို့ကုန်ကုမ္ပဏီများ၏ ပူးပေါင်းပါဝင်မှုဖြင့် စုဆောင်းထားသော အရန်ဆန်များ၊ အခြားသောအစီအစဉ်ဖြင့် စီစဉ်ထားသော အရန်ဆန်များအား ဈေးကွက်အတွင်းသို့ အမြန်ဆုံးထည့်သွင်း ရောင်းချသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ အသိပေးကြေညာထားသည်။ "ဒီတစ်ပတ်ထဲ ထုတ်ရောင်း

ပေးသွားမယ်။ လိုသလောက် ရောင်းပေးသွားမယ်”ဟု ဆန်စပါးကုန်စည်ဒိုင်မှ တာဝန်ရှိသူ ဦးနေလင်းက ပေါ်ပြူလာနယူးစ်သို့ ပြောကြားသည်။

ကနဦးအနေဖြင့် (၂၅% အဆင့် – single polished &sorted ) (၅၀) ကီလိုအိတ်၊ အိတ်ရေ (၅၀၀၀၀) ကို ဦးစွာ ထုတ်ရောင်းသွားမည်ဖြစ်ပြီး လိုအပ်ပါက ထပ်မံတိုးမြှင့်ရောင်းချရေး စီမံသွားမည်ဖြစ်ကြောင်းသိရသည်။

မြန်မာနိုင်ငံအနေဖြင့် ဆန်ဖူလုံမှုအပြည့်အဝရှိပြီး၊ ပိုလျှံမှုကို ပြည်ပသို့ စနစ်တကျတွက်ချက် တင်ပို့ရောင်းချနေခြင်း ဖြစ်ကြောင်း၊ လတ်တလောတွင် ပြည်တွင်းဆန်စပါးဖူလုံမှု၊ လုံလောက်မှုအပြည့်အဝရှိနေသည့်အတွက် လည်းကောင်း၊ လျှပ်စစ်ပိုမိုရရှိ၍ ဆန်စက်များလည်ပတ်ချိန် ပိုများလာသည့်အတွက်လည်းကောင်း၊ ပဲခူးတိုင်း(အနောက်ပိုင်း)နှင့် မြန်မာနိုင်ငံ အလယ်ပိုင်းတွင် စပါးရိတ်သိမ်းချိန်၊ စပါးပေါ်ထွက်နေဆဲဖြစ်၍ ဆန်ဈေး၊ စပါးဈေး တည်ငြိမ်လျက်ရှိကြောင်း သိရသည်။

သို့သော် သတင်းမှားများ ကောလာဟလများကြောင့် စားသုံးသူများစိုးရိမ်မှုဖြင့် ဆန်များဝယ်ယူစုဆောင်းခြင်း၊ စိုးရိမ် ပူပန်ခြင်းများမဖြစ်စေရန်နှင့် လိုအပ်မှုရှိမှသာဝယ်ယူရန် ဆန်စပါးအသင်းချုပ်အနေဖြင့် မေတ္တာရပ်ခံထားသည်။

**Source:** https://www.popularmyanmar.com/?p=123413

## ပြည်သူ့ရင်ပြင်၌ စက်မှုထုတ်ကုန်နှင့် EV ကားပြပွဲ (၃) ရက်ကြာ ကျင်းပမည်

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ကြီးကြပ်မှုဖြင့် ပြည်သူ့ရင်ပြင်တွင် ၂၀၂၃ ခုနှစ်၊ မိုးရာသီဈေးရောင်းပွဲတော်၊ စက်မှုထုတ်ကုန်ပစ္စည်းပြပွဲနှင့် လျှပ်စစ်ကားပြပွဲကို ဩဂုတ်လ ၄ ရက်မှ ၆ ရက်နေ့အထိ (၃) ရက်ကြာ ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

ယမန်နေ့ ဇူလိုင်လ ၃၁ ရက်က ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ မင်္ဂလာခန်းမတွင် ၂၀၂၃ ခုနှစ်၊ မိုးရာသီ ဈေးရောင်းပွဲတော်၊ စက်မှုထုတ်ကုန်ပစ္စည်းပြပွဲနှင့် လျှပ်စစ်ကား (EV)ပြပွဲကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပခဲ့ကြောင်းနှင့် အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း တက်ရောက်အမှာစကား ပြောကြား ခဲ့ကြောင်း သိရသည်။

အဆိုပါပြပွဲတွင် ပါဝင်ပြသရောင်းချသူများအနေဖြင့် ထုတ်ကုန်ပစ္စည်းများ၏ ထုတ်လုပ်နိုင်စွမ်းနှင့် အရည်အသွေးများကို ပြည်သူများထံ ချပြနိုင်ရန် အခွင့်အလမ်းတစ်ရပ် ရရှိမည်ဖြစ်ပြီး အရောင်းမြှင့်တင်နိုင်ရေးဈေးကွက် Promotion များလည်း ရရှိနိုင်မည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက အခမ်းအနားတွင် ထည့်သွင်းပြောကြားခဲ့သည်။


ယင်းဈေးရောင်းပွဲတော်တွင် အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဒေသထွက်ကုန်ပစ္စည်းများ၊ ရန်ကုန်တိုင်းဒေသကြီး ၏ စက်မှုဇုန် (၂၉) ဇုန်မှ ထုတ်ကုန်ပစ္စည်းများ၊ MSMEs ထုတ်ကုန်ပစ္စည်းများ၊ အသင်းအဖွဲ့များ၏ ထုတ်ကုန်ပစ္စည်းများ ကိုလည်း ပြသရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

**Source:** https://www.popularmyanmar.com/?p=123398

## ကုန်ဈေးနှုန်းတည်ငြိမ်ရေး ထိန်းသိမ်းဆောင်ရွက်ရန် “ပြည်ထောင်စုကုန်ဈေးနှုန်းတည်ငြိမ်ရေးကော်မတီ” ဖွဲ့စည်း

အခြေခံစားသောက်ကုန်ဈေးနှုန်းများ အပါအဝင် ကုန်ဈေးနှုန်းတည်ငြိမ်ရေး ထိန်းသိမ်းဆောင်ရွက်ရန် ပြည်ထောင်စု ကုန်ဈေးနှုန်းတည်ငြိမ်ရေးကော်မတီကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ အမိန့်ကြော်ငြာစာအမှတ် (၁၁၄/၂၀၂၃) ဖြင့် ဇွန်လ ၂၇ ရက်က ထုတ်ပြန်ကြေညာခဲ့သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း ပြည်သူများ၏ စားဝတ်နေရေးပြေလည်မှုကို ရှေးရှုလျက် အခြေခံ စားသောက်ကုန်ဈေးနှုန်းများအပါအဝင် ကုန်ဈေးနှုန်းတည်ငြိမ်ရေးကို ထိန်းသိမ်းဆောင်ရွက်နိုင်ရန်အတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဥက္ကဋ္ဌအဖြစ်တာဝန်ယူထားသည့် “ပြည်ထောင်စုကုန်ဈေးနှုန်း တည်ငြိမ်ရေးကော်မတီ” ကို ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ ယင်းကော်မတီတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးက ဒုတိယဥက္ကဋ္ဌအဖြစ် တာဝန်ယူထားပြီး ကျန်ဝန်ကြီးဌာနအသီးသီးမှ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူး ချုပ်နှင့်အတွင်းရေးမှူးများက အဖွဲ့ဝင်အဖြစ်ပါဝင်ကြောင်း သိရသည်။



၁၈၆၀ မြန်မာနိုင်ငံတော်ပြန်တမ်း { ၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၁ ရက် (၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၈ ရက်) } [ အပိုင်း ၁

အတွက် **ပြည်ထောင်စုကုန်စျေးနှုန်းတည်ငြိမ်ရေးကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒုတိယဝန်ကြီး<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ဒုတိယဝန်ကြီး<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ဒုတိယဝန်ကြီး<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဒုတိယဝန်ကြီး<br>စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဒုတိယဝန်ကြီး<br>စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဒုတိယဝန်ကြီး<br>အလုပ်သမားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ဒုတိယဝန်ကြီး<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ဒုတိယဝန်ကြီး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | ဒုတိယဥက္ကဋ္ဌ<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် | အဖွဲ့ဝင် |
| (ဍ) | ညွှန်ကြားရေးမှူးချုပ်<br>အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဎ) | အတွင်းရေးမှူး<br>နေပြည်တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (ဏ) | အတွင်းရေးမှူး<br>ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (တ) | အတွင်းရေးမှူး<br>မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |

၎င်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အခြေခံစားကုန်ပစ္စည်းများဖြစ်သည့် ဆန်၊ စားသုံးဆီနှင့် မီးဖိုချောင်သုံး ကုန်ပစ္စည်းများ ဈေးနှုန်းများတည်ငြိမ်ရေးကို ဦးစားပေးဆောင်ရွက်ရန်၊ အခြေခံစားကုန်ပစ္စည်းတစ်မျိုးစီ၏ ပြည်တွင်း စားသုံးရန် လိုအပ်ချက်နှင့် ပြည်တွင်းထုတ်လုပ်နိုင်မှု ပမာဏတို့ကိုချိန်ဆ၍ ညီညွတ်မျှတစေရေး စိစစ်ဆောင်ရွက်ရန်၊ ဒေသများ အလိုက် ကုန်ဈေးနှုန်းများ တည်ငြိမ်စေရန် လိုအပ်သော ပေါင်းစပ်ညှိနှိုင်းမှုများအတွက် အဖွဲ့အစည်းများ ဖွဲ့စည်း တာဝန်ပေးရန်နှင့် ကုန်ပစ္စည်းထွက်ရှိရာဒေသများမှ စားသုံးသည့်ဒေသများသို့ သယ်ဆောင်ရာတွင် သယ်ယူစရိတ် ကြီးမြင့်ခြင်း၊ ကြားခံအဆင့်များပြားခြင်း၊ သယ်ယူရာတွင် လမ်းခရီး၌မလိုအပ်ဘဲ ထိန်းချုပ်ခြင်းများ မဖြစ်ပေါ်စေရေးအတွက် ညှိနှိုင်းဆောင်ရွက်ရန်တို့ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ကုန်စည်စီးဆင်းမှု မှန်ကန်စေရေးနှင့် လုံလောက်စွာဝင်ရောက်ရေး၊ အဝင်အထွက် မှန်ကန်ရေးတို့ကို ညှိနှိုင်းပေါင်းစပ်ပေးရန်၊ အခြေခံစားကုန်ပစ္စည်းများ ထုတ်လုပ်မှုတိုးချဲ့နိုင်ရေးအတွက် လိုအပ်လျှင် ကူညီပံ့ပိုးမှုများ ညှိနှိုင်းဖြည့်ဆည်း ပေးရန်နှင့် အခြေခံစားကုန်ပစ္စည်းများကို ကုန်ဈေးနှုန်းတည်ငြိမ်မှုပျက်ပြားစေမည့် ကိစ္စရပ်များအား ဥပဒေနှင့်အညီ ကြီးကြပ် ဆောင်ရွက်ရန်တို့ ပါဝင်ကြောင်းသိရသည်။

အခြေခံစားကုန်ပစ္စည်းထုတ်လုပ်မှုတွင် အဓိကဖြစ်သော လယ်ယာကဏ္ဍနှင့်မွေးမြူရေးကဏ္ဍတို့၌ ထုတ်လုပ်မှုတိုးတက်လာစေရေးအတွက် လိုအပ်သောပံ့ပိုးမှုများပေးခြင်း၊ တစ်နိုင်စိုက်ပျိုးရေးနှင့် တစ်နိုင်မွေးမြူရေးတို့ကို အားပေးခြင်းစသည့် စည်းရုံးရေး၊ စီးပွားရေးနည်းလမ်းများဖြင့် ဆွဲဆောင်မှုပေးရန်နှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များမှ ကုန်ထုတ်လုပ်မှု တိုးတက်မြင့်မားလာအောင် နည်းလမ်းများရှာဖွေပြီး အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်သွားရန် အချက်များကိုလည်း လုပ်ငန်းတာဝန်များထဲတွင် ထည့်သွင်းထားသည်။

**Source:** https://www.popularmyanmar.com/?p=123334

## ဂျပန်နိုင်ငံမှ မြန်မာ့မျှစ်ခြောက် တန်ချိန် (၂၀၀)ခန့် နှစ်စဉ် အမှာရှိနေသော်လည်း ကုန်ကြမ်းရှားပါးမှုကြောင့် မှာယူသလောက် တင်ပို့နိုင်ခြင်းမရှိသေး



မြန်မာ့မျှစ်ခြောက် တန်ချိန် (၂၀၀) ခန့်ကို နှစ်စဉ်ဝယ်ယူရန် ဂျပန်နိုင်ငံမှ အမှာရှိနေသော်လည်း ကုန်ကြမ်းရှားပါးမှုကြောင့် ဈေးကွက်လိုသလောက် တင်ပို့နိုင်ခြင်းမရှိဘဲ (၇)တန်ခန့်သာ တင်ပို့နိုင်ကြောင်း မြန်မာနိုင်ငံ ဝါးစိုက်ပျိုးရေးအသင်း၊ မျှစ်လုပ်ငန်းအစုအဖွဲ့မှ ဥက္ကဋ္ဌ ဒေါ်နန်းခင်အုန်း၏ ပြောကြားချက်အရ သိရသည်။

“အဓိကပို့နေတာက ဂျပန်ပေါ့။ ဂျပန်ကလည်းနှစ်စဉ်နှစ်တိုင်း အော်ဒါက တန် (၂၀၀) လောက်ရှိတယ်။ အဓိကကုန်ကြမ်းမလောက်တဲ့ ပြဿနာပေါ့နော်။ လိုသလောက်မပို့နိုင်ဘူး။ ကျွန်မတို့က မျှစ်အပြင်ပိုင်းကိုပို့တာ။ သဘာဝ ဝါးတောကိုပဲ မှီခိုနေရတာ။ စိုက်ခင်းကို သေသေချာချာမသွားနိုင်သေးဘူး။ စိုက်ခင်းကိုတော့ ကြိုးစားနေတဲ့အနေအထားပါ။ နည်းပညာကတော့ ဂျပန်ပေါ့။ ဈေးကွက်ကလည်း ဂျပန်ပဲဆိုတော့ သူတို့လိုချင်တဲ့ပုံစံအတိုင်း နည်းပညာကို ရယူတာ ဖြစ်ပါတယ်” ဟု ၎င်းကဆိုသည်။

လက်ရှိတွင် မြန်မာ့မျှစ်ခြောက်ကို ဂျပန်အပြင် တောင်ကိုရီးယား၊ ဟောင်ကောင်နှင့်တရုတ်နိုင်ငံတို့မှ ဝယ်ယူမှုရှိနေပြီး ဂျပန်နိုင်ငံက အရည်အသွေးနှင့် အရသာကို ပိုမိုကြိုက်နှစ်သက်မှုရှိကြောင်း သိရသည်။

မျှစ်လုပ်ငန်းကို နေပြည်တော်အတွင်းရှိ မြို့နယ်များ၌ အဓိကထားလုပ်ကိုင်ကြပြီး မျှစ်များကို အချဉ်ခံကာ ပါကင် ထုပ်ပိုးသည့်စနစ်ဖြင့် လက်လီလက်ကားဖြန့်ချိလျက်ရှိပြီး မျှစ်အစိုတစ်ပိဿာလျှင် ငွေကျပ် ၈၀၀ နှင့် ဝါးနုတစ်ပိဿာလျှင် ငွေကျပ် ၁၀၀၀ ခန့် ရရှိကြောင်း သိရသည်။

ပျဉ်းမနားမြို့နယ်ရှိ လိလိမ်၊ လွှဲကြီး၊ ရေပြောင်းပြန်၊ ဂမုန်းတောင်၊ မြေမြို့တောင်၊ စောင်တောင်ကြီး၊ မဲပေါက်၊ ပင်ရဲဆို စသည့်ဒေသများသည် ဝါးတောများ ပေါများသောနေရာဖြစ်ပြီး မျှစ်အများဆုံး ထွက်ရှိရာဒေသများဖြစ်ကြောင်းလည်း သိရသည်။

**Source:** https://www.popularmyanmar.com/?p=123205

## အောင်လံတွင် ပဲတီစိမ်း အဝယ်လိုက်ပြီး ဈေးကောင်းရ




မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့သီးနှံဈေးကွက်မှာ လတ်တလော ပဲတီစိမ်း သီးနှံတွေ လှိုင်လှိုင်ပေါ်နေပြီး ရန်ကုန်နဲ့ မန္တလေးက အဝယ်လိုက်တာနဲ့ ပွဲရုံလှောင် လက်သမားတွေ အဝယ်လိုက်တာကြောင့် ဈေးကောင်းရရှိနေတယ်လို့ သီးနှံပွဲရုံပိုင်ရှင်တွေ ဆီက သိရပါတယ်။

အခုအခါ အောင်လံမြို့က သီးနှံပွဲရုံကုန်စည်ဒိုင်တွေကို ဆင်ပေါင်ဝဲ၊ သရက်နဲ့အောင်လံ မြို့နယ်အတွင်း ကျေးရွာတွေက ပဲတီစိမ်းသီးနှံတွေအများဆုံး ဝင်ရောက်နေတာပါ။ ဆင်ပေါင်ဝဲမြို့နယ်ကျေးရွာတွေမှာ စိုက်ပျိုးတဲ့ ပဲတီစိမ်းသီးနှံတွေက အသီးအပွင့်လိုက်ချိန် မိုးမရတဲ့အတွက် အထွက်နှုန်းတော့ လျော့နည်းတယ်လို့ ဆိုပါတယ်။

ပဲတီစိမ်းပေါ်စက ပိဿာ ၂၀ ဝင် တစ်အိတ်ကို ကျပ် ၅၆,၀၀၀ ဈေးရှိရာကနေ အခု ကျပ် ၆၁,၅၀၀ အထိ ရရှိနေတာပါ။ အခုနှစ်အောင်လံပဲတီစိမ်းသီးနှံတွေက ခြောက်သွေ့ပြီး အရည်အသွေးကောင်းတဲ့အတွက် ရန်ကုန်နဲ့မန္တလေးအပြင် နယ်ခံပွဲရုံ လှောင်လက်တွေလည်း အဝယ်လိုက်တာကြောင့် ဈေးကောင်းရနေတာဖြစ်တယ်လို့ပြောပါတယ်။ အဲဒီ ပဲတီစိမ်းသီးနှံကို ရန်ကုန်နဲ့မန္တလေး ဝယ်လက်တွေက တရုတ်နဲ့အိန္ဒိယနိုင်ငံတွေကို တင်ပို့ကြတယ်လို့လည်း သိရပါတယ်။

One News Myanmar မှကူးယူဖော်ပြပါသည်။

**Source:** https://t.me/htwettoe

## ရွှေလက်ဝတ်ရတနာ၊ ရွှေနှင့်ပြုလုပ်ထားသောအသုံးအဆောင်ပစ္စည်းများ တင်ပို့တင်သွင်းခြင်းလုပ်ငန်းများ စတင်ဆောင်ရွက်နိုင်

ရွှေလက်ဝတ်ရတနာ၊ ရွှေနှင့်ပြုလုပ်ထားသော အသုံးအဆောင်ပစ္စည်းများ တင်ပို့တင်သွင်းခြင်းလုပ်ငန်းများ ဇူလိုင် ၃၁ ရက်မှ၍ စတင်ဆောင်ရွက်နိုင်ကြောင်း ယမန်နေ့ (ဇူလိုင် ၃၁ ရက်)တွင် မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်းချုပ်မှ သတင်း ထုတ်ပြန်ထားသည်။

ရွှေလက်ဝတ်ရတနာ၊ ရွှေနှင့်ပြုလုပ်ထားသော အနုပညာပစ္စည်းများ အသုံးအဆောင်ပစ္စည်းများကို တင်ပို့၊ တင်သွင်း ခွင့်ပြုရာတွင် နိုင်ငံတကာဈေးကွက်၌ ဖြစ်ပေါ်နေသော ဈေးနှုန်း၊ ဝယ်လိုအား ရောင်းလိုအားတို့အရ အချိန်နှင့် တစ်ပြေးညီ ခွင့်ပြုချက်များ ရယူဆောင်ရွက်နိုင်ရေးအတွက် ဖွဲ့စည်းထားသည့် OSSC ၊ စိစစ်တန်ဖိုးဖြတ်အဖွဲ့နှင့် စစ်ဆေးရေးအဖွဲ့အား ပြင်ဆင်ဖွဲ့စည်းခဲ့ပြီးဖြစ်၍ သက်ဆိုင်ရာဌာန အသင်းအဖွဲ့များသို့ ဖြန့်ဝေထားကြောင်း နစက၏ ကုန်သွယ်ရေးဦးစီးဌာန အကြောင်းကြားစာအရ သိရသည်။

ရွှေလက်ဝတ်ရတနာ၊ ရွှေနှင့်ပြုလုပ်ထားသော အနုပညာပစ္စည်းများ အသုံးအဆောင်ပစ္စည်းများ တင်ပို့တင်သွင်းခြင်းနှင့် ပတ်သက်သည့် One Stop Service Centre (OSSC)အဖွဲ့ဝင်များ အနေဖြင့် UMFCCI ရှိ One Stop Service Centre(OSSC) ရုံးခန်းနေရာတွင် ဇူလိုင် ၃၁ ရက်မှစတင်၍ လုပ်ငန်းတာဝန်များ ဆောက်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဌာန အသင်းအဖွဲ့ များမှ တာဝန်ပေးအပ်ထားသည့် ကိုယ်စားလှယ်များအား စေလွှတ်ပေးရန် အကြောင်းကြားစာအရ သိရသည်။

သူကတော့ လက်ဝတ်လက်စား လုပ်တဲ့သူတွေအတွက်ပဲ၊ ရွှေအတုံးမပါဘူး။ ဒီဟာကတော့ မြန်မာပြည်ရဲ့ ရွှေထည်တွေ နိုင်ငံခြားထွက်ချင်ရင် ရမယ်ပေ့ါ။ အခုတောင် အလျော့အတွက်တွေ အများကြီးမယူရဘူး။ မြန်မာပြည်မှာတောင် ရောင်းလို့ မရတဲ့ဟာ နိုင်ငံခြားထွက်ဖို့ဆိုတာက မဖြစ်နိုင်ဘူး။ ကျောက်သမားတွေတော့ အဆင်ပြေတာပေ့ါဟု ရွှေလုပ်ငန်းရှင်တစ်ဦးက စံတော်ချိန်ဒစ်ဂျစ်တယ်သို့ ပြောသည်။

ရွှေဖြင့်ပြုလုပ်သော တန်ဖိုးမြင့်ပစ္စည်း၊ လက်ဝတ်ရတနာ၊ ရွှေဖြင့်ပြုလုပ်သော အနုပညာပစ္စည်းနှင့် အသုံးအဆောင်ပစ္စည်းများ ပြည်ပသို့တင်ပို့ခြင်းအတွက် ပို့ကုန်လိုင်စင်ကို Letter of Credit (LC)သို့မဟုတ် Telegraphic Transfer (TT)စနစ်ဖြင့် ဆောင်ရွက်နိုင်ခဲ့ကြောင်း ဇူလိုင် ၃ရက်တွင် ရွှေဖြင့်ပြုလုပ်သော တန်ဖိုးမြင့်ပစ္စည်း၊ လက်ဝတ်ရတနာ၊ ရွှေဖြင့်ပြုလုပ်သော အနုပညာပစ္စည်းနှင့် အသုံးအဆောင်ပစ္စည်းများ တင်ပို့ တင်သွင်းခွင့်ဆိုင်ရာ စည်းကမ်းချက် ပြင်ဆင်ထုတ်ပြန်ခြင်း သတင်းလွှာတွင် ဖော်ပြထားသည်။

အဆိုပါပစ္စည်းများကို တင်ပို့လိုသူများအနေဖြင့် ပူးတွဲပါ တင်ပို့ တင်သွင်းခွင့် ဆိုင်ရာလုပ်ငန်းစဉ်အတိုင်း လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း ကုန်သွယ်ရေးဦးစီးဌာနမှ ထုတ်ပြန်ထားသည်။

ပုံမှန်အရောင်းအဝယ်ဖြစ်မြောက်ပြီး တင်ပို့ခြင်း၊ တင်သွင်းခြင်းဖြစ်ပါက ပို့ကုန်၊ သွင်းကုန် လိုင်စင်သက်တမ်းသည် ၃၀ရက်၊ သက်တမ်းတိုး ၁၀ရက်ဖြင့် စုစုပေါင်း ၄၀ရက်ဖြစ်ကြောင်း၊ နိုင်ငံတကာတွင်ရောင်းချရန် သယ်ဆောင်ခြင်းအတွက် Temporary Export License (TEL) လိုင်စင်ဖြစ်ပါက လိုင်စင်သက်တမ်းသည် ၂ လ (ရက် ၆၀) ဖြစ်ကြောင်း ကုန်သွယ်ရေးဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။

**Source:** https://t.me/sdtimedaily

## STOCK EXCHANGE (2.8.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 2nd Aug. 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 12,259 (Shares) | 36,742,100 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,500 | +100 | +1.19% | 8,400 | 8,500 | 8,400 | 1,282 | 10,768,900 | 33,109,694 | 281,432 |
| MTSH | 00002 | 2,900 | -50 | -1.69% | 2,950 | 2,950 | 2,900 | 4,080 | 11,836,100 | 38,929,150 | 112,895 |
| MCB | 00003 | 7,300 | -200 | -2.67% | 7,500 | 7,500 | 7,300 | 77 | 564,100 | 10,400,986 | 75,927 |
| FPB | 00004 | 1,550 | +0 | +0.00% | 1,550 | 1,550 | 1,500 | 2,041 | 3,138,450 | 29,664,613 | 45,980 |
| TMH | 00005 | 2,350 | -150 | -6.00% | 2,350 | 2,350 | 2,350 | 217 | 509,950 | 12,823,224 | 30,135 |
| EFR | 00006 | 2,400 | +0 | +0.00% | 2,400 | 2,400 | 2,300 | 3,105 | 7,152,000 | 19,977,223 | 47,945 |
| AMATA | 00007 | 4,900 | +0 | +0.00% | 4,900 | 4,900 | 4,900 | 10 | 49,000 | 10,497,598 | 51,438 |
| MAEX | 00008 | 1,900 | +50 | +2.70% | 1,900 | 1,900 | 1,850 | 1,447 | 2,723,600 | 23,804,946 | 45,229 |


YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

Stock trading data

As of 2nd Aug. 2023

Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 12,259 (Shares) | 36,742,100 (MMK) |

Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,500 | +100 | +1.19% | 8,400 | 8,500 | 8,400 | 1,282 | 10,768,900 | 33,109,694 | 281,432 |
| MTSH | 00002 | 2,900 | -50 | -1.69% | 2,950 | 2,950 | 2,900 | 4,080 | 11,836,100 | 38,929,150 | 112,895 |
| MCB | 00003 | 7,300 | -200 | -2.67% | 7,500 | 7,500 | 7,300 | 77 | 564,100 | 10,400,986 | 75,927 |
| FPB | 00004 | 1,550 | +0 | +0.00% | 1,550 | 1,550 | 1,500 | 2,041 | 3,138,450 | 29,664,613 | 45,980 |
| TMH | 00005 | 2,350 | -150 | -6.00% | 2,350 | 2,350 | 2,350 | 217 | 509,950 | 12,823,224 | 30,135 |
| EFR | 00006 | 2,400 | +0 | +0.00% | 2,400 | 2,400 | 2,300 | 3,105 | 7,152,000 | 19,977,223 | 47,945 |
| AMATA | 00007 | 4,900 | +0 | +0.00% | 4,900 | 4,900 | 4,900 | 10 | 49,000 | 10,497,598 | 51,438 |
| MAEX | 00008 | 1,900 | +50 | +2.70% | 1,900 | 1,900 | 1,850 | 1,447 | 2,723,600 | 23,804,946 | 45,229 |

YANGON
STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 2nd Aug, 2023

### Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 12,259 (Shares) | 36,742,100 (MMK) |

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,500 | +100 | +1.19% | 8,400 | 8,500 | 8,400 | 1,282 | 10,768,900 | 33,109,694 | 281,432 |
| MTSH | 00002 | 2,900 | -50 | -1.69% | 2,950 | 2,950 | 2,900 | 4,080 | 11,836,100 | 38,929,150 | 112,895 |
| MCB | 00003 | 7,300 | -200 | -2.67% | 7,500 | 7,500 | 7,300 | 77 | 564,100 | 10,400,986 | 75,927 |
| FPB | 00004 | 1,550 | +0 | +0.00% | 1,550 | 1,550 | 1,500 | 2,041 | 3,138,450 | 29,664,613 | 45,980 |
| TMH | 00005 | 2,350 | -150 | -6.00% | 2,350 | 2,350 | 2,350 | 217 | 509,950 | 12,823,224 | 30,135 |
| EFR | 00006 | 2,400 | +0 | +0.00% | 2,400 | 2,400 | 2,300 | 3,105 | 7,152,000 | 19,977,223 | 47,945 |
| AMATA | 00007 | 4,900 | +0 | +0.00% | 4,900 | 4,900 | 4,900 | 10 | 49,000 | 10,497,598 | 51,438 |
| MAEX | 00008 | 1,900 | +50 | +2.70% | 1,900 | 1,900 | 1,850 | 1,447 | 2,723,600 | 23,804,946 | 45,229 |

TIR